မူဝါဒစာတမ်း အနှစ်ချုပ်
၂၀၁၈ ဇန်နဝါရီ

Natural Resource Governance Institute

# သဘာဝ သယံဇာတ ဖက်ဒရယ်စနစ် – မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

ခင်စောဌေး၊ ကိုကိုလွင်၊ Paul Shortell တို့ပါဝင်ပံ့ပိုးလျက် Andrew Bauer ၊ Natalie Kirk နှင့် Sebastian Sahla တို့မှ ရေးသားပြုစုသည်။

## ပကတိအခြေအနေ

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏ သဘာဝသယံဇာတများ စီမံမှုအပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အပြောင်းအလဲများ ပြုလုပ်နေသည့်အချိန်ဖြစ်သည်။ အစိုးရ၊ စစ်တပ် နှင့် တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများ ပါဝင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုများလည်း ပြုလုပ်လျက်ရှိသည်။ ညှိနှိုင်းမှုများ ပြုလုပ်စဉ်တွင် ဗဟို နှင့် ဒေသအစိုးရများကြား အခွန်ဘဏ္ဍာဝင်ငွေ ခွဲဝေမှု၊ နိုင်ငံတွင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ နိုင်ငံရေးအာဏာ တိုးမြှင့်လွှဲပြောင်းပေးရန် ကိစ္စများကို အရေးကြီး အချက်များ အဖြစ် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ မူအားဖြင့် ဖက်ဒရယ်ပြည်ထောင်စုသို့ ဦးတည်သည့် သဘောတူညီချက်လည်း ပါဝင်သည်။

ဖက်ဒရယ်ဝါဒသည် သဘာဝ သယံဇာတ စီမံမှုပေါ်တွင် အကြီးအကျယ် လွှမ်းမိုးမှုများ ရှိနိုင်သည်။ ပြည်နယ် နှင့် တိုင်းဒေသကြီး အားလုံးနီးပါးတွင် ရေနံ၊ ဓာတ်ငွေ့ သို့မဟုတ် တွင်းထွက်တူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ (ပုံ ၁ ကိုကြည့်ပါ) သမိုင်းတလျှောက်လုံးတွင် နိုင်ငံပိုင်လုပ်ငန်းများကသာ သယံဇာတများ စီမံခြင်းကို အဓိက တာဝန်ယူ ဆောင်ရွက်ခဲ့ကြသည်။ သို့သော်လည်း ပြည်နယ်၊ တိုင်းဒေသကြီးများ၏ ထိန်းချုပ်ဆောင်ရွက်နိုင်ခွင့်ကို တိုးမြှင့်ပေးရန် တောင်းဆိုမှုများမှာ တစတစ များပြားလာသည်။

ကဏ္ဍ၏ လူမှုဝန်းကျင်၊ သဘာဝဝန်းကျင်ပေါ် သက်ရောက်မှုများကို ဆယ်စုနှစ်များစွာ ခါးစည်းခံခဲ့ရသော်လည်း အကျိုးခံစားရမှုမှာ အနည်းငယ်သာရှိသည်ဟု သယံဇာတ ထုတ်လုပ်သည့် ဒေသများမှ စတိတ်ဟိုဒါ အများအပြားက ထုတ်ဖော်ပြောလာကြသည်။ တိုင်းရင်းသား ဒေသများနှင့် ဗဟိုအစိုးရကြား သမိုင်းတလျှောက် မပြေလည်မှုများအား ဆွေးနွေးမှုများပြုလုပ်သည့်အခါတွင် သဘာဝ သယံဇာတများ ထိန်းချုပ်စီမံနိုင်မှုကိစ္စများ ဆက်နွှယ်ပါဝင်လာသည့်ဖြစ်စဉ် အများအပြားရှိသည်။ ယင်းအချက်ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ခေါင်းဆောင်ပိုင်း၊ လက်နက်ကိုင်အဖွဲ့အစည်း အများအပြားမှ ကိုယ်စားလှယ်များသည် ၎င်းတို့နယ်မှ သဘာဝ သယံဇာတများမှရရှိသည့် ဘဏ္ဍာရေးဆိုင်ရာ အကျိုးအမြတ် တိုးတက်ရရှိရန် တောင်းဆိုသည်သာမက ကဏ္ဍစီမံမှုတွင်လည်း ပါဝင်ခွင့်ရရန် တောင်းဆိုနေကြသည်။ မြန်မာနိုင်ငံ၏ ပဋိပက္ခများတွင် သဘာဝ သယံဇာတ ပါဝင်မှုက ပို၍ တိုက်ရိုက်ဆန်သည်။ စစ်တပ်၊ လက်နက်ကိုင်ဖွဲ့ အများအပြားတို့သည် သယံဇာတ ကဏ္ဍပေါ်တွင် ငွေကြေးအရ တက်မက်မှုများ ရှိပြီး သယံဇာတ ရယူရန် အားထုတ်ရင်းနှင့် စစ်မက်ဖြစ်ပွားနေသည့် အစုအဖွဲ့များကြား ရင်ဆိုင်တိုက်ပွဲများ ဖြစ်ရသည့် ဖြစ်စဉ်အချို့လည်း ရှိသည်။[၁]


သဘာဝ သယံဇာတ စီမံမှု အစိတ်အပိုင်းအချို့တွင် ဗဟိုချုပ်ကိုင်မှု လျှော့ချရန် ဆောင်ရွက်ချက်များ စတင်နေပြီဖြစ်သည်။ ၂၀၀၈ အခြေခံဥပဒေအရ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများသည် သဘာဝဘေးအန္တရာယ် တုန့်ပြန်ဆောင်ရွက်ခြင်း၊ ကျောက်မျက်ရတနာ အရောင်တင်ခြင်း နှင့် ကျောက်စရစ် တူးဖော်ခ ကောက်ယူနိုင်ခွင့်ရှိသည်။ ဗဟိုအစိုးရက ချုပ်ကိုင်ထားသည့် တာဝန်များကို ဆက်လက် လွှဲပြောင်းပေးလျက်ရှိသည်။ တနိုင်တပိုင်နှင့် အသေးစားလုပ်ငန်းများကို လိုင်စင်ချထားပေးခွင့်၊ အချို့သော အခွန်အခများ စည်းကြပ်နိုင်ခွင့်ကို လွှဲပြောင်းပေးမှုမှာ ထင်ရှားသည့် ဆောင်ရွက်ချက်ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများကို အခွန်ဝင်ငွေ ခွဲဝေပေးမှုမှာလည်း တိုးတက်လာသည်။ ပွင့်လင်းရိုးသားမှု မရှိခြင်း၊ စီမံမှုတာဝန် အများစုမှာ ပြည်ထောင်စုအဆင့်တွင်သာ ဆက်လက်ရှိနေခြင်းတို့ကြောင့်

၂၀၁၈ ခုနှစ်တွင် ထုတ်ဝေသည့် စာတမ်းဖြစ်သော သဘာဝ သယံဇာတ ဖက်ဒရယ်စနစ် မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ *(Natural Resource Federalism Considerations for Myanmar)* ကို အနှစ်ချုပ် တင်ပြထားခြင်း ဖြစ်ပါသည်။ စာတမ်းအပြည့်အစုံမှာ မြန်မာနိုင်ငံနှင့် အနေအထားတူသည့် နိုင်ငံများ၊ အဓိက အားဖြင့် အာရှ ပစိဖိတ် ဒေသ နိုင်ငံများမှ အခြေအနေများနှင့် နှိုင်းယှဉ်လျက် ပြုစုထားခြင်းဖြစ်သည်။ အဓိက မူဝါဒနယ်ပယ် ၇ ခုတွင် လုပ်ပိုင်ခွင့် ခွဲဝေမှုအတွက် အသုံးပြုသည့် နည်းလမ်းအမျိုးမျိုးကို အသေးစိတ် လေ့လာတင်ပြထားပါသည်။ NRGI မှ ၂၀၁၆ တွင် ထုတ်ဝေခဲ့သည့် *Sharing the Wealth: A Roadmap for Distributing Myanmar’s Natural Resource Revenues* စာတမ်းပေါ်တွင် အခြေခံ ထုတ်ဝေခြင်း ဖြစ်ပါသည်။ စာတမ်းနှစ်ခုစလုံးကို NRGI ၏ ဝဘ်ဆိုက် (www.resourcegovernance.org) တွင် လေ့လာရယူနိုင်ပါသည်။

၁ Global Witness, *Jade: Myanmar’s ‘Big State Secret’* (October 2015); Adam Burke, Nicola Williams, Patrick Barron, Kim Jolliffe and Thomas Carr. *The Contested Areas of Myanmar: Subnational Conflict, Aid, and Development* (The Asia Foundation, 2017)

ဗဟိုချုပ်ကိုင်မှု လျော့ချရေးမှာ ထင်သလောက် ခရီးမပေါက် ဖြစ်နေသည်။

ယနေ့ချိန်ထိ ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် သဘာဝ သယံဇာတအရေးနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများ မရှိသလောက်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပြည်နယ်များ လုပ်ပိုင်ခွင့်တိုးတက်လာစေရန် တောင်းဆိုမှုများသည် အရေးကြီးကိစ္စရပ်အနေဖြင့် ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ လက်ရှိကျင့်သုံးနေသည့် ပုံစံဖြစ်သော ဗဟိုချုပ်ကိုင်မှု တစ်ဆင့်ခြင်းလျော့ချသည့် ပုံစံဖြစ်စေ၊ ရှင်းလင်းစွာသတ်မှတ်ထားသည့် ဖက်ဒရယ်ဖွဲ့စည်းပုံတွင်ဖြစ်စေ ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တာဝန်ခွဲဝေမှုများ ပြုလုပ်ရာတွင် ဆင်ဆင်ခြင်ခြင် ဆောင်ရွက်ရန် လိုသည်။ အတုယူ အသုံးပြုနိုင်သည့် ပုံစံအမျိုးမျိုး ရှိသည်။ ဆုံးဖြတ်ချက်ချသူများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် စတိတ်ဟိုဒါအမျိုးမျိုး၏ တောင်းဆိုမှုများ (နိုင်ငံရေးကိစ္စများ)ကိုလည်းကောင်း၊ နိုင်ငံ၏ သယံဇာတ စီမံမှုပိုင်း အားကောင်းရန် အရေးတကြီး လိုအပ်နေမှု (နည်းပညာပိုင်း)ကိုလည်းကောင်း ထည့်သွင်းစဉ်းစား ဆုံးဖြတ်ရန် လိုသည်။




ပုံ (၁)
မြန်မာနိုင်ငံရှိ
တူးဖော်ရေးလုပ်ငန်း
နေရာပြ မြေပုံ

## သဘာဝ သယံဇာတ ဖက်ဒရယ်စနစ်

နိုင်ငံတွင်းရှိ မြေပေါ်မြေအောက် သဘာဝ သယံဇာတ အားလုံး၏ ပိုင်ရှင်သည် နိုင်ငံတော်ဖြစ်သည်ဟု မြန်မာနိုင်ငံ၏ အခြေခံဥပဒေတွင် အခြားအခြားသော သယံဇာတ ကြွယ်ဝသည့် နိုင်ငံများနည်းတူ ဖော်ပြထားသည်။[၂] သို့သော်လည်း နိုင်ငံအများအပြားတွင် သဘာဝ သယံဇာတကို စီမံခြင်း၊ အကျိုးအမြတ်ဖော်ထုတ်ခြင်းများ ပြုလုပ်ရန်အတွက် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အခြေခံဥပဒေဖြင့်လည်းကောင်း၊ ဥပဒေဖြင့်လည်းကောင်း သို့မဟုတ် ဗဟိုအစိုးရ၏ လွှဲပြောင်းတာဝန် ပေးချက်များဖြင့်လည်းကောင်း ဗဟို နှင့် ပြည်နယ်အဆင့် အစိုးရများကြားတွင် ဖြန့်ထားလေ့ရှိသည်။[၃]

သဘာဝ သယံဇာတ ဖက်ဒရယ်စနစ် (Natural resource federalism) ဆိုသည်မှာ သဘာဝသယံဇာတ စီမံမှုတာဝန်အချို့ကို ပြည်နယ်အဆင့် အစုအဖွဲ့များသို့ လွှဲပြောင်းပေးသည့် လုပ်ငန်းစဉ်ဖြစ်သည်။ မည်သည့်အဆင့် အစိုးရအနေဖြင့် ဥပဒေ၊ စည်းကမ်းများ ထုတ်ပြန်နိုင်သည်၊ မည်သည့်အဆင့် အစိုးရသည် အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်းများ ပြုလုပ်သင့်သည်ကို ဆုံးဖြတ်မည်ကို ဆိုလိုခြင်းဖြစ်သည်။ မူဝါဒချမှတ်ရမည့် နယ်ပယ်အသီးသီးအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရမည်ဖြစ်သည်။

- တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းအတွက် လိုင်စင်ချထားပေးခြင်း
- ကြေးတိုင်နှင့် မြေယာစီမံမှု
- ဘဏ္ဍာရေးစည်းမျဉ်းများနှင့် အခွန်စည်းကြပ်မှု
- သဘာဝဝန်းကျင် စီမံမှု
- လုပ်ငန်းခွင်ဆိုင်ရာ ဘေးကင်းရေးနှင့် ကျန်းမာရေး
- ဒေသအကျိုးစီးပွား
- တနိုင်တပိုင်နှင့် အသေးစား တူးဖော်မှုကိစ္စများနှင့်ပတ်သက်ပြီး တာဝန်ယူမှုများကို ဆုံးဖြတ်ထားရန် လိုသည်။

အားလုံးအတွက် သင့်တော်သည့် စံပြပုံစံဟူ၍ မရှိပါ။ (ဇယားကွက် ၁ ကိုကြည့်ပါ) အချို့သောနိုင်ငံများတွင် ဗဟိုအစိုးရသည် ဥပဒေပြုရေး၊ အကောင်အထည်ဖော်ခြင်း သို့မဟုတ် စောင့်ကြည့်ရေးတာဝန် အချို့ကို ပြည်နယ်အဆင့် အစုအဖွဲ့များသို့ ချထားပေးသည်။ အချို့သောနိုင်ငံများတွင်တော့ အခြေခံဥပဒေအရ အပ်နှင်းထားသည့် အခွင့်အာဏာကို အသုံးပြုပြီး ပြည်နယ်အဆင့်တွင် ယင်းလုပ်ငန်းအချို့ သို့မဟုတ် အားလုံးကို စီမံခွင့်ရှိသည်။ နိုင်ငံအများစုတွင် ပုံစံနှစ်ခု ပေါင်းစပ်အသုံးပြုကြသည်။ ဥပမာအားဖြင့် ဥပဒေပြုအာဏာကို ဗဟိုအဆင့်တွင် ထားပြီး အကောင်အထည်ဖော်ခြင်း နှင့် စောင့်ကြည့်ခြင်း လုပ်ငန်းတာဝန်များကို ပြည်နယ်အဆင့် အစိုးရများထံသို့ ပေးအပ်ထားသည့် ပုံစံကို အသုံးပြုသည်။ မူဝါဒ၊ လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းပမာဏ၊ တူးဖော်ရေး လုပ်ငန်းဆောင်ရွက်သည့် နေရာဒေသပေါ် မူတည်ပြီး တာဝန်ခွဲဝေမှုများ ကွဲပြားသည်။

---

၂ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)

၃ Nicholas Haysom and Sean Kane, *Negotiating Natural Resources for Peace: Ownership, Control and Wealth-sharing* (Centre for Humanitarian Dialogue, October 2009); Center for Constitutional Transitions, International IDEA and the United Nations Development Programme, *Oil and Natural Gas: Constitutional Frameworks for the Arab States Region* (2014).

ဇယားကွက် ၁။ တာဝန်ခွဲဝေမှု ပုံစံအဆင့်ဆင့်

ပြည်နယ်အဆင့် အစုအဖွဲ့များသို့ တာဝန် လုပ်ပိုင်ခွင့်များ တိုးမြှင့်လွှဲပြောင်းပေးရာတွင် မူဝါဒရေးဆွဲသူများ အသုံးပြုနိုင်သည့် နည်းလမ်းအမျိုးမျိုးကို ရည်ညွှန်းရန်အတွက် သဘာဝ သယံဇာတ ဖက်ဒရယ်စနစ် ဟူသော (Natural Resource Federalism) စကားရပ်ကို စာတမ်းရှင်များက အသုံးပြုခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရန် ရည်ရွယ်ချက်ရှိသည်ဖြစ်သောကြောင့် ယင်းစကားရပ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဗဟိုမှ ပြည်နယ်အဆင့်သို့ လုပ်ပိုင်ခွင့်အာဏာ လွှဲပြောင်းပေးခြင်း ကိစ္စနှင့်ပတ်သက်လျှင် ဖက်ဒရယ်ဝါဒသည် နည်းလမ်းအမျိုးမျိုး၏ နောက်ဆုံးအဆင့်တွင် ရှိနေသည်။




နည်းလမ်းပုံစံများကို အောက်ပါအတိုင်း အကျယ်တဝင့် သတ်မှတ်ခွဲခြားနိုင်သည်။

- **ဗဟိုထိန်းချုပ်မှု ဖြေလျှော့ခြင်း (Deconcentration)** – ဗဟိုအစိုးရသည် ပြည်နယ်အဆင့်တွင် ဗဟို၏ မူဝါဒများကို အကောင်အထည်ဖော်မည့် ဝန်ထမ်းများကို ခန့်ထား နေရာချထားပေးသည်။ ဆုံးဖြတ်ချက်ချခြင်း နှင့် အကောင်အထည်ဖော်ခြင်းများသည် ပြည်နယ်အဆင့် စတိတ်ဟိုဒါများ နှင့် နီးစပ်မှု ရှိလာသော်လည်း တာဝန်ခံမှုမှာ ဗဟိုအဆင့် အစုအဖွဲ့များပေါ်တွင်သာ လုံလုံးတည်ရှိ နေသည်။
- **ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း (Decentralization) / အာဏာခွဲဝေခြင်း (devolution)** – ဆုံးဖြတ်ချက်ချခြင်း နှင့် တာဝန်ခံခြင်းများကို ပြည်နယ်အဆင့် အစုအဖွဲ့များသို့ လွှဲပြောင်းပေးထားသည်။ ဦးဆောင်မည့်သူကို ဒေသမှ ရွေးချယ်ပြီး ဗဟိုအစိုးရမှ အပ်နှင်းထားသည့် အာဏာနှင့် အချို့သော လုပ်ငန်းများတွင် မူဝါဒပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်သည်။
- **ဖက်ဒရယ်စနစ် (Federalism)** – အချုပ်အခြာပိုင် အာဏာကို ဗဟိုနှင့် ပြည်နယ် အစုအဖွဲ့များကြားတွင် အခြေခံဥပဒေဖြင့် ခွဲဝေပေးထားသည်။ ပြည်နယ်အဆင့် ဆုံးဖြတ်ချက်အချို့ကို ဗဟိုအစိုးရအနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်းကို အခြေခံဥပဒေအရ တားမြစ်ထားခြင်းကို ဆိုလိုသည်။

သဘာဝ သယံဇာတများကို ဖက်ဒရယ်အခြေခံဖြင့် ခွဲဝေအသုံးပြုခြင်းကို စနစ်တကျ စီစဉ်နိုင်သည်ဆိုပါက မြန်မာနိုင်ငံ၏ သယံဇာတ ထုတ်လုပ်သည့် ဒေသများမှ သမိုင်းနှင့်ချီသည့် နစ်နာမှုများကို ဖြေရှင်းရာတွင် နည်းလမ်းတစ်ခုအနေဖြင့် အသုံးတည့်နိုင်သည်။ တူးဖော်ရေးကဏ္ဍသည် တည်ငြိမ်ရေးကို အားကောင်းစေသည့် လူမှုစီးပွားဖွံ့ဖြိုးရေး တိုးတက်မှုအတွက် အဓိက တွန်းအားတစ်ခုဖြစ်ရန် အလားအလာများရှိနေခြင်းကြောင့်လည်း ဖြစ်သည်။ လုပ်ပိုင်ခွင့်နှင့် တာဝန်များ ချုပ်ကိုင်ထားမှုကို လျှော့ချလိုက်ခြင်းဖြင့် ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်သည် ကဏ္ဍနှင့် တိုက်ရိုက်သက်ဆိုင်သည့် စတိတ်ဟိုဒါများနှင့် ပို၍ နီးစပ်လာမည်ဖြစ်ပြီး၊ စွမ်းရည်ထက်မြက် ထိရောက်သည့် အစိုးရဖြစ်လာရန်လည်း လမ်းဖွင့်ပေးနိုင်သည်။ ယင်းနည်းလမ်းသည် မြန်မာနိုင်ငံအတွက် အသုံးတည့်နိုင်သည်။ မြန်မာနိုင်ငံတွင် ဗဟိုအဆင့် အစုအဖွဲ့များ၏ စောင့်ကြည့်ခြင်း၊ ဥပဒေစိုးမိုးစေရန် ဆောင်ရွက်ခြင်း စွမ်းဆောင်ရည်ပိုင်းမှာ အားနည်းသည်။ အထူးသဖြင့် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်ဖွဲ့အစည်းများ ယှဉ်ပြိုင်မှု ပြင်းထန်သည့် ဒေသများတွင် ပို၍အားနည်းသည်။ ဒေသခံများ ပိုင်ဆိုင်မှုအနှစ်သာရ ခိုင်မာလာသည်ဆိုပါက ရင်းနှီးမြုပ်နှံမှုအနေအထားကို ပို၍ တိုးတက်စေလာမည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်ရန် လူထုအသိုင်းအဝိုင်း၏ ထောက်ခံမှုရရှိထားသည့် တူးဖော်ရေး စီမံကိန်းအချို့အတွက် ဒေသခံများ၏ ခွင့်ပြု ပံ့ပိုးမှုကို မြင့်တက်စေခြင်းဖြင့် ရင်းနှီးမြုပ်နှံမှု အခြေအနေများကို တိုးတက်စေမည်ဖြစ်သည်။

သဘာဝ သယံဇာတများကို ဖက်ဒရယ် အခြေခံဖြင့် ခွဲဝေ အသုံးပြုကြရာတွင် အခက်အခဲများလည်း ပေါ်ပေါက်လာနိုင်သည်။ အထူးသဖြင့် လုပ်ငန်းတာဝန်များကို အောက်သို့ ခွဲဝေချထားပေးလိုက်သော်လည်း ဒေသအဆင့် အရာရှိများအနေဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရန် အရည်အချင်းမရှိသည့်အခါ သို့မဟုတ် တာဝန်နှင့် ဝတ္တရားများကို ပြတ်သားစွာ သတ်မှတ်ထားခြင်းမရှိသည့်အခါတွင် အခက်အခဲများ ရှိနိုင်သည်။ ယင်းအချက်သည် ကဏ္ဍအုပ်ချုပ်ရေးကို အားနည်းစေပြီး ရင်းနှီးမြုပ်နှံသူများ၏ ယုံကြည်မှုကို ထိခိုက်စေသည်။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု လုပ်ငန်းစဉ်များ အားနည်းသည့်အခြေ

အနေမျိုးတွင် ပြည်နယ်အဆင့် အစုအဖွဲ့များသို့ ကြီးမားသည့်တာဝန်များ ပေးအပ်ခြင်းသည် အကျင့်ပျက် လာဘ်စားမှုနှင့် တလွဲစီမံမှုများ ဖြစ်ပေါ်နိုင်ခြေကို မြင့်တက်စေနိုင်သည်။

## နိုင်ငံတကာတွင် ကျင့်သုံးနေသည့် နည်းလမ်းများ (International trends)

သဘာဝ သယံဇာတ စီမံမှုတာဝန်များကို မည်သည့်အဆင့်တွင် ပေးအပ်ထားမည်နှင့်ပတ်သက်သည့် မေးခွန်းအတွက် တိကျသည့် တသမတ်တည်းအဖြေတစ်ခု မရှိပါ။ နိုင်ငံအသီးသီးသည် ပုံစံအမျိုးမျိုးကို အသုံးပြုကြပြီး၊ သဘာဝ သယံဇာတစီမံမှု တိုးတက်လာစေရန် အထောက်အကူပြုမှု အတိုင်းအတာလည်း အသီးသီး ကွဲပြားကြသည်။ ပြည်နယ်အဆင့် အစုအဖွဲ့များသို့ လုပ်ပိုင်ခွင့်အတိုင်းအတာ မည်မျှ ချထားပေးမည်ကို ဆုံးဖြတ်ခြင်းသည် နည်းပညာပိုင်းအရသာ ဆုံးဖြတ်ရသည့် ကိစ္စမဟုတ်ပဲ နိုင်ငံတစ်ခုခြင်းစီအလိုက် လူမှုရေး၊ နိုင်ငံရေး တွက်ဆချက်များ၊ အမှန်တကယ် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် နီးကပ်စွာ ဆက်စပ်လျက်ရှိနေသည်။

သို့သော်လည်း နိုင်ငံတကာတွင် ကျင့်သုံးနေသည့် နည်းလမ်းများသည် ရှင်းလင်းပြတ်သားမှုရှိသည်။

- **ပထမအနေဖြင့် – အစိုးရအဆင့်တစ်ခုသည် ဥပဒေပြု သို့မဟုတ် စည်းမျဉ်းများ ချမှတ်ပြီးနောက် အဆင့်တစ်ခုသည် ယင်းဥပဒေ သို့မဟုတ် စည်းမျဉ်းများကို အကောင်အထည်ဖော်၊ စောင့်ကြည့်၊ ဥပဒေစိုးမိုးအောင် ဆောင်ရွက်သည်။** ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအဆင့် စံသတ်မှတ်ချက်များကို ထိန်းထားနိုင်သကဲ့သို့ ဆုံးဖြတ်ချက်ချရာတွင်လည်း တူးဖော်ရေးလုပ်ငန်းများ၏ အကျိုးဆက်များကို တိုက်ရိုက်ခံစားရသည့် စတိတ်ဟိုဒါများနှင့် နီးနီးကပ်ကပ် တိုင်ပင်လျှက် ချထားနိုင်စေသည်။ ဥပမာအားဖြင့် သဘာဝ ဝန်းကျင်ဆိုင်ရာ ဥပဒေမူဘောင်များကို နိုင်ငံအဆင့် အစိုးရက သတ်မှတ်လေ့ရှိသော်လည်း ပြည်နယ်အဆင့် အစုအဖွဲ့များအနေဖြင့် အကောင်အထည်ဖော်ရာတွင် ပါဝင်နိုင်ရန် အခွင့်ပေးထားသည်။ သဘာဝ ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်များ ချထားပေးရာတွင် ပြည်နယ်အစိုးရများကို ပါဝင်ခွင့်ပေးခြင်းဖြင့်လည်းကောင်း၊ ဆွေးနွေးအကြံပြုမှု ပြုလုပ်ရန် အခွင့်ပေးခြင်းဖြင့်လည်းကောင်း ပါဝင်စေသည်။ ဥပမာအားဖြင့် မွန်ဂိုးလီးယား နိုင်ငံဥပဒေတွင် ခရိုင်အုပ်ချုပ်ရေးမှူးများကို တွင်းထွက်တူးဖော်ရေး စီမံကိန်းများ၏ သဘာဝ ဝန်းကျင်ကာကွယ်ရေး အစီအစဉ်များအား ဆန်းစစ်သည့် အာဏာပိုင်အဖြစ် ဖော်ပြထားသည်။ ပြည်နယ်အဆင့် အစုအဖွဲ့များအနေဖြင့် သဘာဝ ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်များ လိုက်နာမှုမရှိသည့် ကုမ္ပဏီများကို ပြစ်ဒဏ်ချမှတ်နိုင်သည်။[၄] အလားတူပင် နိုင်ငံအဆင့် အာဏာပိုင်များသည် လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေး၊ ဘေးကင်းရေးဥပဒေများကို ပြုစုသတ်မှတ်ပြီး အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းတာဝန်များကိုမူ အောက်သို့ ခွဲဝေပေးထားသည်။ ဥပမာအားဖြင့် ဖိလစ်ပိုင်တွင် စောင့်ကြည့်ရေး အာဏာပိုင်များသည် နိုင်ငံအဆင့် အစိုးရလုပ်ငန်းဌာနဖြစ်သော၊ သဘာဝဝန်းကျင်နှင့် သဘာဝ သယံဇာတဌာနမှ ဒေသဆိုင်ရာ အရာရှိများဖြစ်သည်။ ထိုကဲ့သို့ စီစဉ်တာဝန်ပေးထားခြင်းကြောင့် စောင့်ကြည့်ရေးလုပ်ငန်းများကို အနီးကပ် ဆောင်ရွက်နိုင်သကဲ့သို့ စောင့်ကြည့်စစ်ဆေးမှုများသည် နိုင်ငံအစိုးရကို တာဝန်ခံပြီး၊ နိုင်ငံအဆင့် သတ်မှတ်ချက်များအတိုင်း ကျင့်သုံးဆောင်ရွက်မှုကို ဖြစ်ထွန်းစေသည်။

- **ဒုတိယအနေဖြင့် – နိုင်ငံအများအပြားသည် လုပ်ငန်းနေရာအချို့တွင် ပူးပေါင်းတာဝန်ယူသည့်စနစ်ကို ကျင့်သုံးကြသည်။** ထောက်ခံအသိအမှတ်ပြုမှု အရေးတကြီးလိုအပ်သည့် ကိစ္စရပ်များအတွက် ပို၍ အရေးပါသည်။ ဥပမာ ကုမ္ပဏီများကို ကုန်းတွင်း ရေနံ၊ ဓာတ်ငွေ့ သို့မဟုတ် တူးဖော်ခွင့် ချထားပေးရာတွင် နိုင်ငံအဆင့်၊ ပြည်နယ်အဆင့် အစိုးရနှစ်ရပ်လုံး၏ ပါဝင်မှု လိုအပ်သည်။ ဥပမာအားဖြင့် ဖိလစ်ပိုင်တွင် တွင်းထွက်တူးဖော်ရေး လိုင်စင်များကို ဗဟိုအစိုးရက ချပေးသော်လည်း ဒေသခံအာဏာပိုင်များက အတည်ပြုပေးရသည်။ ဌာနေတိုင်းရင်းသား ရပ်ရွာများက အတည်ပြုပေးရသည့် ဖြစ်စဉ်အချို့လည်း ရှိသည်။ ယင်းသို့ စီစဉ်ထားမှုကြောင့် ဒေသအများအပြားတွင် သတ္တုတူးဖော်ရေးလုပ်ငန်းများအား ဆိုင်းငံ့ထားမှုများ ဖြစ်ပေါ်စေခဲ့သည်။[၅] ကုမ္ပဏီများ၏ စီမံကိန်းအစီအစဉ် အပြောင်းအလဲဖြစ်စေရန် ညှိနှိုင်းရာတွင် ခွင့်ပြုချက်မပေးပဲ ဆိုင်းထားနိုင်ခွင့်ကို အသုံးပြုပြီး ညှိနှိုင်းခဲ့သည့် ဖြစ်ရပ်များ ရှိသည်။[၆] ကမ်းလွန်စီမံကိန်းများအတွက် လုပ်ပိုင်ခွင့်များတွင် ပူးပေါင်း တာဝန်ယူခြင်းများ

---

၄ Government of Mongolia, *Law of Mongolia on Environmental Impact Assessments* (2014); Government of Mongolia. *The Minerals Law of Mongolia* (2006).

၅ Erin Smith and Peter Rosenblum, *Enforcing the Rules: Government and Citizen Oversight of Mining* (Revenue Watch Institute, 2011)

၆ Varsha Venugopal, *Thinking Locally: Community Consultation in the Philippines* (Natural Resource Governance Institute, 2016).

ရှိသော်လည်း ရှားပါးသည်။ ဩစတေးလျနိုင်ငံတွင် ကမ်းလွန်ရေနံနှင့် ဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရန် အတွက် ခွင့်ပြုချက်ကို နိုင်ငံအဆင့် ဝန်ကြီးနှင့်၊ ပြည်နယ်အဆင့် သို့မဟုတ် ဒေသအဆင့် ဝန်ကြီး တို့ဖြင့် ဖွဲ့စည်းထားသည့် ပူးတွဲအာဏာပိုင် အဖွဲ့က ချထားပေးသည်။[၇]

နိုင်ငံအဆင့်နှင့် ပြည်နယ်အဆင့် အာဏာပိုင်များ ပူးပေါင်းတာဝန်ယူကြသည့် ကိစ္စတစ်ခုမှာ ဒေသ အကျိုးဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းခြင်းတွင်ဖြစ်သည်။ မွန်ဂိုလီးယား၊ ဖိလစ်ပိုင် ကဲ့သို့သော တစ်ပြည် ထောင်နိုင်ငံအချို့တွင်ပင် ဒေသခံ အစုအဖွဲ့များကို ဒေသအကျိုးအတွက် စာချုပ်ပါ အချက်အလက် များ ညှိနှိုင်းမှုတွင် ပါဝင်ခွင့်ပြုထားသည်။[၈] ဖိလစ်ပိုင်နိုင်ငံတွင် ယင်းအခွင့်အရေးကို ဌာနလူမျိုးများ ဥပဒေ (indigenous people's legislation) ဖြင့် အပ်နှင်းပေးထားသည်။ တူးဖော်ရေးစီမံကိန်း သည် ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားအမွေအနှစ် (ancestral domains) နယ်မြေအတွင်း ကျရောက်နေပါက ၎င်းတို့ကို စာချုပ်စာသား ညှိနှိုင်းရာတွင် ပါဝင်စေသည့်အပြင် ဒေသအကျိုး တိုးတက်ရေး စီမံချက်များနှင့် မူဝါဒများ အကောင်အထည်ဖော်ခြင်းများတွင်လည်း ပါဝင်ခွင့်ပြုထား သည်။[၉]

- **တတိယအနေဖြင့် – အချို့သော လုပ်ပိုင်ခွင့်တာဝန်များကို ပြည်နယ်အဆင့် အစိုးရများထံသို့ လွှဲ ထားပေးလေ့ရှိသည်။** ဒေသအဆင့်တွင် သက်ရောက်မှု ကြီးမားနိုင်ပြီး ဒေသခံအရာရှိများအနေဖြင့် သတင်းအချက်အလက် ပို၍လွယ်ကူစွာ ရရှိနိုင်သည့် ကိစ္စရပ်များအတွက် ကျင့်သုံးလေ့ရှိသည်။ အထူးသဖြင့် သတ္တုတူးဖော်ရေးကဏ္ဍ၏ သဘာဝ ဝန်းကျင်ကိစ္စ၊ လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေးကိစ္စများ စောင့်ကြည့်ခြင်းကို ပြည်နယ်အဆင့်သို့ တာဝန်ပေးထားလေ့ရှိသည်။

တစ်ပြည်ထောင်နိုင်ငံတွင်ရော ဖက်ဒရယ် နိုင်ငံများတွင်ပါ တနိုင်တပိုင်နှင့် အသေးစား တူးဖော်ရေး လုပ်ငန်း စီမံအုပ်ချုပ်မှုကို ပြည်နယ်အဆင့် စီမံမှုအောက်တွင် ထားလေ့ရှိသည်။ ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်ကို တူးဖော်သည့်နေရာနှင့် လက်တကမ်းတွင် ဆောင်ရွက်ခြင်းဖြင့် ဥပဒေလမ်းကြောင်း ဆိုင်ရာ အတားအဆီး (ဥပမာ လိုင်စင်လျှောက်ထားရာတွင် လွယ်ကူစေခြင်း၊ အခွန်ဆောင်ရာတွင် လွယ်ကူစေခြင်း) များကို လျှော့ချရာတွင် အထောက်အကူဖြစ်စေပြီး၊ ကဏ္ဍအလိုက် စည်းကမ်း ကြီးကြပ်မှုကိုလည်း ပို၍အားကောင်းစေသည်။ ဥပမာအားဖြင့် ဖိလစ်ပိုင်နိုင်ငံ၏ တနိုင်တပိုင်နှင့် အသေးစား တူးဖော်ရေး လိုင်စင်များကို မြို့နယ် သို့မဟုတ် ခရိုင်အဆင့် ဘုတ်အဖွဲ့မှ ချထားပေး သည်။ ယင်းဘုတ်ဖွဲ့များကို ဗဟိုအဆင့်၊ ပြည်နယ်အဆင့်မှ အစိုးရ ကိုယ်စားလှယ်များ၊ အသေးစား နှင့် အကြီးစား သတ္တုတူးဖော်ရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အရပ်ဖက်လူ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။[၁၀]

- **စတုတ္ထအားဖြင့် – အချို့သော လုပ်ပိုင်ခွင့်တာဝန်များကို ဗဟိုအစိုးရများကသာ ချုပ်ကိုင်ထားသည်။** အခွန်နှုန်း၊ တွင်းဝခွန်နှုန်း၊ အဓိက အခွန်အမျိုးအစား စည်းကြပ်ခြင်း၊ အကြီးစား စီမံကိန်းစာချုပ်များ ညှိနှိုင်းခြင်း အထူးသဖြင့် ကမ်းလွန် ရေနံနှင့် ဓာတ်ငွေ့စာချုပ်များနှင့်ဆိုင်သည့် ကိစ္စရပ်များကို ဗဟို အဆင့်က ချုပ်ကိုင်ထားလေ့ရှိသည်။ လုပ်ငန်းအဆင့်ဆင့် ရှုပ်ထွေးမှုကြောင့်လည်းကောင်း၊ လုပ်ငန်း အကောင်အထည်ဖော်ရန်အတွက် စီမံမှုစွမ်းရည် လိုအပ်မှု မြင့်မားခြင်းတို့ကြောင့် ဖြစ်နိုင်သည်။

တစ်ပြည်ထောင်စနစ် နိုင်ငံများတွင် အဓိက အခွန်များကို ဗဟိုအစိုးရက ကောက်ခံပြီး ပြည်နယ် အစိုးရများသည် မများလှသည့် အခွန် နှင့် အခကြေးငွေ အမျိုးအစားကိုသာ ကောက်ယူခွင့်ရှိကြသည်။ ဥပမာအားဖြင့် မွန်ဂိုလီးယားတွင် ဗဟိုအစိုးရသည် တွင်းဝခွန်များ၊ လုပ်ငန်းဝင်ငွေခွန်တို့ကို ကောက် ယူပြီး ဒေသခံအစိုးရများသည် ပစ္စည်းခွန်၊ မြေခွန်၊ ယန္တယားနှင့် ရေအသုံးပြုခအခွန်များ၊ ကျောက် စရစ်နှင့် သဲထုတ်လုပ်ခြင်းမှ အခွန်တော်များကိုသာ ကောက်ယူခွင့်ရှိသည်။[၁၁] ဖက်ဒရယ်နိုင်ငံများတွင် တော့ ပြည်နယ်အစိုးရ၏ အခွန်ကောက်ယူမှုသည် ပို၍ တိုက်ရိုက်သဘောဆောင်သည်။ ထိုကဲ့သို့ သော အခင်းအကျင်းတွင်ပင် အချို့သော အခွန်အမျိုးအစားများကို ဗဟိုအစိုးရက ကောက်ယူသည်။

၇ Andrew Smith, John King and Clayton Utz, "Oil and Gas Regulation in Australia: Overview," *Thomson Reuters Practical Law,* 1 May 2013.

၈ Government of Mongolia, *Minerals Law*; Government of Mongolia, *The Law of Mongolia on Petroleum* (2014); Government of the Philippines, *Indigenous Peoples Rights Act* (1997)

၉ Government of the Philippines, *1995 Mining Act* (1995).

၁၀ Government of the Philippines, *Small Scale Mining Act* (1991).

၁၁ Natural Resource Governance Institute (NRGI) and the United Nations Development Programme (UNDP), *Natural Resource Revenue Sharing* (2016).

အထူးသဖြင့် ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍတွင် အဖြစ်များသည်။ ဥပမာအားဖြင့် မလေးရှားနိုင်ငံဖြစ်သည်။ ကမ်းခြေမှ ရေမိုင် ၃ မိုင်အတွင်း တည်ရှိသည့် စီမံကိန်းများမှရရှိသည့် တွင်းဝခွန်များကို ဖက်ဒရယ်အစိုးရက ကောက်ယူပြီး ပြည်နယ်များနှင့် ခွဲဝေသုံးစွဲသည်။ ကမ်းလွန်ပိုင်းရှိ စီမံကိန်းများအတွက်မူ ဖက်ဒရယ်အစိုးရသည် အခွန်တော်များကို ခွဲဝေသုံးစွဲရမည်ဟု အခြေခံဥပဒေအရ သတ်မှတ်ထားခြင်း မရှိပါ။ (အတိတ်ကာလများတွင် ခွဲဝေမှုများ ရှိခဲ့သည့်တိုင်)[၁၂]

ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များ ပြုလုပ်သည့်အခါတွင် ပြည်နယ်အစိုးရများ၏ ပြောရေးဆိုခွင့်မှာ ပို၍ပင် လျော့နည်းသွားသည်။ ပြည်နယ်အစိုးရများအနေဖြင့် ကဏ္ဍအလိုက် ကောက်ယူသည့် သီးသန့် အခွန်နှုန်းများ ဆုံးဖြတ်ရာတွင် ပါဝင်ခွင့်ရသည်မှာ ရှားပါးသည်။ အထူးသဖြင့် ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍတွင် ဖြစ်သည်။ ဥပမာအားဖြင့် အိန္ဒိယတွင် ပြည်နယ်အစိုးရများသည် ကုန်းတွင်းလုပ်ကွက်များမှ တွင်းဝခွန်များကို ကောက်ခံနိုင်သော်လည်း ဗဟိုအစိုးရ သတ်မှတ်ထားသည့် နှုန်းအတိုင်း ကောက်ယူရသည်။ ဗဟိုအစိုးရသည် ကမ်းလွန်လုပ်ကွက်များမှ တွင်းဝခွန် နှုန်းထားများကို သတ်မှတ်သည်၊ ကောက်ယူသည်။ သို့သော်လည်း မလေးရှားတွင်မူ နိုင်ငံပိုင် ရေနံကုမ္ပဏီ Petronas၊ ဖက်ဒရယ်အစိုးရ၊ ရေနံထုတ်လုပ်သည့် ပြည်နယ် အစိုးရများမှ သဘောတူသတ်မှတ်သည့် ထုတ်ကုန်ခွဲဝေရေး စာချုပ်ပေါ် အခြေခံကာ တွင်းဝခွန်နှုန်းထား သတ်မှတ်သည်ဖြစ်သောကြောင့် ပြည်နယ်အစိုးရများအနေဖြင့် နှုန်းထားသတ်မှတ်ရာတွင် အတိုင်းအတာတစ်ခုအထိပါဝင်နိုင်သည်။[၁၃]

---

၁၂ Wee Chong Hui, *Oil and Gas Management and Revenues in Malaysia* (Universiti Teknologi Mara Sarawak).

၁၃ NRGI and UNDP, *Revenue Sharing.*

## မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ (CONSIDERATIONS FOR MYANMAR)

မြန်မာနိုင်ငံအနေဖြင့် မည်သည့်ပုံစံကို ရွေးချယ်သည်ဖြစ်စေ ပြည်နယ်အဆင့် အစုအဖွဲ့များ၏ သဘာဝ သယံဇာတ စီမံမှု အားကောင်းလာစေရန်အတွက် ဆောင်ရွက်မှုများတွင် ထည့်သွင်းစဉ်းစားရမည့် ဆက်စပ်လုပ်ငန်းများ ရှိသည်။

- **ဆောင်ရွက်ရမည့်ကိစ္စများနှင့် တာဝန်များကို အတိအကျသတ်မှတ်ခြင်း** – ဥပဒေပြုခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းတာဝန်များကို မည်သည့်အစုအဖွဲ့က ဆောင်ရွက်မည်ကို အတိအကျ ခွဲခြားသတ်မှတ်ခြင်းသည် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စဖြစ်သည်။ မြန်မာနိုင်ငံတွင် အစုအဖွဲ့များ၏ လုပ်ငန်းများထပ်နေခြင်း၊ ရှင်းလင်းမှုမရှိခြင်းသည် အချို့သောနိုင်ငံအဆင့် အစုအဖွဲ့များတွင် ကြုံတွေ့ရလေ့ရှိသည့် ပုံမှန် အခက်အခဲတစ်ခုဖြစ်သည်။ ဥပမာအားဖြင့် သဘာဝပတ်ဝန်းကျင်စီမံမှုနှင့်ပတ်သက်လာလျှင် ဥပဒေသတ်မှတ်ချက်အရ ပြည်ထောင်စုအဆင့် အစုအဖွဲ့ အများအပြားသည် စောင့်ကြည့်ရေး တာဝန်များ အပ်နှင်းခံထားရသည်။ ထိုကဲ့သို့ သတ်မှတ်ချက်များကြောင့် အပြည့်အဝ တာဝန်ယူသည့် အစုအဖွဲ့ မရှိခြင်း၊ သို့မဟုတ် တာဝန်များ ထမ်းဆောင်ရန်အတွက် အင်အားဖြည့်တင်းထားသော အစုအဖွဲ့မရှိခြင်း၊ အင်အားမရှိခြင်း (လုံလောက်သည့် အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များမရှိခြင်း) အခြေအနေကို ဖြစ်ပေါ်စေနိုင်သည်။ ဖော်ပြခဲ့ပါ အကြောင်းတရား ၂ ခု၏ ရလဒ်အနေဖြင့် လုပ်ငန်းတာဝန်များကို ယိုပေါက်မရှိ ထမ်းဆောင်နိုင်ခြင်း မရှိတော့ပါ။ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဗဟိုအဆင့်တွင် ထားသည်ဖြစ်စေ၊ ပြည်နယ်အဆင့် အစုအဖွဲ့များသို့ လွှဲပေးထားခြင်းဖြစ်စေ တာဝန်ခံမှု၊ ထိရောက်သည့် အကောင်အထည်ဖော်မှုများ ပေါ်ပေါက်လာစေရန် တာဝန်များကို ဥပဒေမူဘောင်များဖြင့် ရှင်းလင်းစွာ သတ်မှတ်ပေးထားရန် အရေးကြီးသည်။

  ပြည်နယ်အဆင့် အစုအဖွဲ့များ၏ လုပ်ငန်းတာဝန် နှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာ သတ်မှတ်ပါက အထူးသဖြင့် အကျိုးရှိမည့်ကိစ္စ ၂ ရပ်မှာ လိုင်စင်ချထားပေးခြင်း၊ သဘာဝ ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက် ချထားပေးခြင်းတို့ ဖြစ်သည်။ နိုင်ငံတကာတွင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ ယင်းကိစ္စရပ်များတွင် အစိုးရအဆင့် အမျိုးမျိုး၊ ဒေသခံ ရပ်ရွာများ ပါဝင်မှုရှိပါက အထူးသဖြင့် ကောင်းကျိုးသက်ရောက်မှု ရှိနိုင်သည်ကို တွေ့ရသည်။ နောက်ဆုံးအဆင့် ဆုံးဖြတ်ချက်ကို ဗဟိုမှ ချမှတ်သည့်တိုင် ကောင်းကျိုးသက်ရောက်မှုများ ရှိနိုင်သည်။ အကယ်၍ ဖော်ပြခဲ့ပါ အခင်းအကျင်း အတိုင်း ဖြစ်ပေါ်လာပါက ပြည်နယ်အဆင့် အစုအဖွဲ့မှ မည်သည့်အစုအဖွဲ့က တာဝန်ယူမည်၊ ၎င်းတို့ တာဝန်ယူ ပါဝင်မှု၏ သဘော သဘာဝ အတိအကျ သတ်မှတ်ချက်၊ မည်သည့်အတိုင်းအတာထိ လွှမ်းမိုးနိုင်မည်ကို ဥပဒေမူဘောင်တွင် အတိအကျ သတ်မှတ်ထားရန် လိုသည်။ ဥပမာအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များသည် တွင်းထွက်တူးဖော်မှု လိုင်စင်ချထားပေးခြင်း ဆုံးဖြတ်ရာတွင် ပါဝင်မည်ဖြစ်ပြီး (လက်ရှိအချိန်တွင်လည်း ဥပဒေသတ်မှတ်ချက် မရှိသည့်တိုင် ပါဝင်လျက်ရှိသည်) ၎င်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဥပဒေမူဘောင်တွင် အတိအကျ သတ်မှတ်ထားရန် ဖြစ်သည်။

- **စွမ်းဆောင်ရည်ပိုင်းတွင် အားနည်းချက်များ ရှိနေသည်ကို အမြဲသတိရှိရန်** – ထိရောက်အောင်မြင်သည့် သဘာဝ သယံဇာတစီမံမှု ဖြစ်ရန်အတွက် လူအင်အား၊ ဘဏ္ဍာရေး၊ နည်းပညာ ပံ့ပိုးမှုများစွာ လိုအပ်သည်။ ပြည်နယ်အဆင့် လုပ်ပိုင်ခွင့်အတွက် တောင်းဆိုမှုများသည် နိုင်ငံရေးဆန်သော်လည်း တာဝန်များ လွှဲပြောင်းပေးမှု ပြုလုပ်ရာတွင် ပြည်နယ်အဆင့် အစုအဖွဲ့များအနေဖြင့် ၎င်းတို့တာဝန်များကို နိုင်နင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် လုံလောက်သည့်စွမ်းရည်များ ရှိနေစေရန် ဖြည့်ဆည်းပေးသည့် လုပ်ငန်းစဉ်နှင့်တွဲလျှက် နည်းပညာပိုင်းအရ ပေါင်းစပ်ဆောင်ရွက်ရန် လိုသည်။

  ဥပမာအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် အနာဂတ်တွင် အခွန်အမျိုးအစား အမျိုးမျိုးကို တိုက်ရိုက် ကောက်ခံမည်ဆိုပါက (သို့မဟုတ် ပြည်ထောင်စု အစိုးရထံမှ လုပ်ပိုင်ခွင့်များ တိုး၍ ရရှိလာမည်ဆိုပါက) ၎င်းအခွန်ဝင်ငွေများကို စီမံရန် စွမ်းရည်များ မြှင့်တင်ထားရန် လိုအပ်သည်။ အထူးသဖြင့် ကုမ္ပဏီအနေဖြင့် သယံဇာတ တူးဖော်မှုအတွက် အခွန်တော်မည်မျှ ပေးသွင်းရမည်ကို ဆုံးဖြတ်ရန်အတွက် ထုတ်လုပ်မှုပမာဏ စောင့်ကြည့်ရာတွင် အဆင့်မြင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ လိုအပ်သည်။ အခွန်ကောက်ယူရန် တာဝန်ယူထားသည့် ပြည်ထောင်စုအဆင့် အစုအဖွဲ့များသည် ယခုကိစ္စ ဆောင်ရွက်ရန်အတွက် လုံလောက်သည့် စွမ်းဆောင်ရည် မရှိခြင်း ပြဿနာကို ရင်ဆိုင်နေရသည်။ ထို့ပြင် အသုံးစရိတ် ဆုံးဖြတ်ချက်များကို စိစစ်ရန်၊ ပြည်နယ်အဆင့်

ဆုံးဖြတ်ချက်ချသူများကို တာဝန်ခံရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လွှတ်တော်များ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ထားရန် လိုသည်။

အလားတူပင် လိုင်စင်ချထားပေးသည့် လုပ်ငန်းစဉ်တွင် ပြည်နယ်အဆင့် အစိုးရများအနေဖြင့် ပါဝင်ရန်အတွက် ၎င်းတို့၏ စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ရန် လိုအပ်သည်။ စာချုပ်ပါ အချက်အလက်များကို နှံ့နှံ့စပ်စပ် သဘောပေါက်နေစေရန်၊ အနှစ်သာရရှိသည့် ဆွေးနွေး အကြံယူမှုများ ဆောင်ရွက်နိုင်ရန်၊ မည်သည့်လုပ်ကွက်များ ချထားပေးသည်ကို ခြေရာခံနိုင်ရန် စနစ်များထူထောင်နိုင်ရန် ဝန်ထမ်းများကို အကူအညီပေးခြင်းများ ဆောင်ရွက်ရမည်။ စာချုပ်သတ်မှတ်ချက်များ ညှိနှိုင်းရန်၊ စာချုပ်ပါ အချက်များအတိုင်း လမ်းညွှန်မှု ပေးရန်အတွက် လိုအပ်သည့် ကျွမ်းကျင်မှု၊ အရင်းအမြစ်များ မရှိသည့် အစုအဖွဲ့များကို လုပ်ပိုင်ခွင့်များ ပေးခြင်းသည် အကျင့်ပျက် လာဘ်စားမှု ဖြစ်ပွားနှုန်းကို မြင့်တက်စေနိုင်သကဲ့သို့၊ တူးဖော်ရေး ကုမ္ပဏီနှင့် စာချုပ်များ ချုပ်ဆိုရာတွင်လည်း အသာစီးမရပဲ နောက်ကျစေနိုင်သည်။ ဥပမာ အင်ဒိုနီးရှားတွင် လိုင်စင်ချထားပေးသည့် လုပ်ငန်းစဉ်များကို ဗဟိုချုပ်ကိုင်မှု လျှော့ချမှုနောက်တွင် သယံဇာတ စီမံမှုဆိုင်ရာ အခက်အခဲများ များပြားလာစေခဲ့သည်။[၁၄]

- **အနိမ့်ဆုံး စံနှုန်းများ သတ်မှတ်ထိန်းသိမ်းရန်** – သဘာဝ သယံဇာတများကို ဖက်ဒရယ် အခြေခံဖြင့် ခွဲဝေခြင်းသည် လူမှုဝန်းကျင်၊ သဘာဝဝန်းကျင်၊ စီမံမှု စံနှုန်းများ အပြိုင်အဆိုင် လျှော့ချခြင်းအဖြစ်သို့ ပြောင်းလဲမသွားစေရန် အရေးကြီးသည်။ အထူးသဖြင့် သဘာဝ ဝန်းကျင်ဆိုင်ရာ စီမံမှုနှင့်ပတ်သက်လာလျှင် ပို၍ အရေးကြီးသည်။ လျှော့ရဲသည့် စံနှုန်းများကြောင့် သက်ရောက်မှုများမှာ ပြည်နယ်နယ်နိမိတ် အပြင်ဘက်ထိ သက်ရောက်မှုရှိနိုင်သောကြောင့် ဖြစ်သည်။ တူးဖော်သူများသည် တစ်နေရာမှ တစ်နေရာသို့ ရွှေ့လျားမှုနှုန်း မြန်ဆန်ပြီး၊ စီးပွားရေးအရ တွက်ချေကိုက်စေရန် ပြည်နယ်နယ်နိမိတ်များကို ဖြတ်ကျော်ရန် ဝန်မလေးကြသည့် သဘော သဘာဝကြောင့် တနိုင်တပိုင်နှင့် အသေးစား တူးဖော်မှုများ စီမံခြင်းတွင် အနိမ့်ဆုံး စံနှုန်းသတ်မှတ်ချက်ကို ကိုင်စွဲထားရန် အထူးသဖြင့် အရေးကြီးသည်။ တရားဝင် မှတ်ပုံတင်ရန်အတွက် သင့်တော်သည့် ဆွဲဆောင်မှုများပေးနိုင်သည့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများသို့ ရောက်သွားနိုင်သကဲ့သို့ တရားမဝင် တူးဖော်မှုများကို နားလည်မှုဖြင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးဆီသို့လည်း ရောက်သွားနိုင်သည်။

နိုင်ငံအများအပြားတွင် အနိမ့်ဆုံး စံနှုန်းများ ရှင်းလင်းစွာ သတ်မှတ်ထားခြင်းဖြင့် ယင်းပြဿနာကို ဖြေရှင်းကြသည်။ နိုင်ငံအဆင့်တွင် စံနှုန်းများသတ်မှတ်ပြီး အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်း တာဝန်များကို ပြည်နယ်အဆင့် အစုအဖွဲ့များသို့ လွှဲပြောင်းထားပေးခြင်းဖြင့်ဖြေရှင်းသည်။ နောက်ထပ်ဖြေရှင်းနည်းတစ်ခုမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စံနှုန်းတစ်ခုကို သတ်မှတ်ထားပြီး ပြည်နယ်အဆင့် အစိုးရများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် ထပ်တိုးစည်းမျဉ်းများ ထည့်သွင်းနိုင်ရန် ခွင့်ပြုခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဩစတေးလျတွင် ပြည်နယ်နှင့် နယ်မြေတစ်ခုခြင်းစီတွင် ဒေသအလိုက် သတ်မှတ်ထားသည့် လုပ်ငန်းခွင်ဆိုင်ရာ ဘေးကင်းရေး နှင့် ကျန်းမာရေး ဥပဒေများ အသီးသီး ရှိကြသည်။ သို့သော်လည်း စံပြဥပဒေတစ်ခုကို ရေးဆွဲခြင်းဖြင့် ဥပဒေများ၊ စည်းမျဉ်းများ အားလုံး သဟဇာတဖြစ်ရန် ဖက်ဒရယ်အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။[၁၅] အင်ဒိုနီးရှားတွင် ဗဟိုအစိုးရသည် ဒေသအခြေအနေအလိုက် ဥပဒေများ သတ်မှတ်သည်။ သို့သော်လည်း စီရင်စု တစ်ခုခြင်းစီသည် ၎င်းတို့ဒေသ အခြေအနေလိုက်ပြီး ဖော်ထုတ်ထားသည့် ထပ်တိုးစည်းမျဉ်းများကို ပေါင်းစပ်ကျင့်သုံးသည်။[၁၆]

---

၁၄ Rebecca Iwerks and Varsha Venugopal, *It Takes a Village: Routes to Local-level Extractive Transparency* (Natural Resource Governance Institute, February 2016); Smith and Rosenblum, *Enforcing the Rules.*

၁၅ David Cliff, *The Management of Occupational Health and Safety in the Mining industry in Australia* (International Mining for Development Centre, 2012).

၁၆ Government of Indonesia, *Regulation of Regents No.48/2011* (2011).



လယ်သမားတစ်ဦးက တီကျစ် ကျောက်မီးသွေး တွင်းကို ကြည့်ရှုနေပုံ

NRGI အတွက် Suthep Kritsanavarin

- **အစိုးရအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များကို ညှိနှိုင်းခြင်း** – ကိစ္စတစ်ခုအတွက် အစုအဖွဲ့တစ်ခုက အပြည့်အဝ တာဝန်ယူထားသည်ဆိုပါက ဗဟိုအဆင့်၊ ပြည်နယ်အဆင့် အစုအဖွဲ့များ သီးခြား ဆောင်ရွက် အကောင်အထည်ဖော်ခြင်းမျိုး မဖြစ်ရန် အရေးကြီးသည်။ နီးကပ်စွာ ဆက်စပ်နေသည့် လုပ်ငန်းများကို အစိုးရအဆင့် အမျိုးမျိုးသို့ ခွဲခြား တာဝန်ပေးသည့်အခါတွင် အထူးသဖြင့် အရေး ကြီးသည်။ ဥပမာအားဖြင့် တနိုင်တပိုင်နှင့် အသေးစားလုပ်ငန်းများ လိုင်စင်ချထားပေးခြင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးသို့ လွှဲပြောင်းပေးမည်ဖြစ်ပြီး၊ အကြီးစားလုပ်ငန်းများကို ပြည်ထောင်စု အဆင့်မှ ဆက်လက်ထိန်းချုပ်ထားမည့် မြန်မာနိုင်ငံ၏ အနာဂတ်ပုံစံ ဖြစ်သည်။ ယင်းပုံစံအရ ဆောင်ရွက်သည့်အခါတွင် ချပေးသည့် ခွင့်ပြုချက်များ ထပ်နေခြင်း၊ တာဝန်ခံမှုနယ်နိမိတ် မကွဲပြား ခြင်း၊ ဥပဒေလိုက်နာမှု မရှိခြင်းများကို မြင့်တက်လာစေသည့် အန္တရာယ်ရှိသည်။ ဗဟိုအဆင့် ဝန်ကြီးဌာနများ သို့မဟုတ်ပဲ ပြည်နယ်အဆင့် အစိုးရသို့သာ သီးသန့် တာဝန်ခံသတင်းပို့မည့် အစု အဖွဲ့များသို့ တာဝန်များ အပြည့်အဝ လွှဲပြောင်းပေးခဲ့သည်ဆိုပါက ညှိနှိုင်းမှု ပြုလုပ်ရန် နည်းလမ်း သစ်များ ဖော်ထုတ်ရန် လိုအပ်မည်ဖြစ်သည်။ ဒေသအဆင့် အစိုးရအချင်းချင်းကြား ညှိနှိုင်းမှုများ ပြုလုပ်ရန် နည်းလမ်းသစ်များ ဖော်ထုတ်ရန်လည်း လိုအပ်သည်။

ဖော်ပြခဲ့ပါအခက်အခဲကို ဖြေရှင်းရန်နည်းလမ်းတစ်ခုမှာ ညှိနှိုင်းရေး နှင့် အချက်အလက် ဖလှယ်ရေး အတွက် လမ်းကြောင်းတစ်ခု ဖော်ထုတ်အသုံးချနိုင်သည်။ ဥပမာအားဖြင့် အာဂျင်တီးနားတွင် ဒေသအဆင့် လိုင်စင် ချထားပေးခြင်းနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များနှင့်ဆိုင်သည့် အချက် အလက်များကို နိုင်ငံအဆင့် ကြေးတိုင်ရုံးသို့ ပေးပို့သည်။ ဆုံးဖြတ်ချက်ချခြင်းသည် ဒေသအဆင့် တွင်ပင် ချမှတ်မည်ဖြစ်သော်လည်း နိုင်ငံအဆင့်နှင့် ညှိနှိုင်းဆောင်ရွက်မှုများလည်း ရှိနေမည်ဖြစ် သည်။ လိုင်စင်ချထားပေးခြင်း သို့မဟုတ် မြေယာမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များကို ပြည် နယ်နှင့် တိုင်းဒေသကြီးများသို့ ချထားပေးမည်ဆိုပါက ပြည်နယ်ဒေသအဆင့် အစုအဖွဲ့များသည် အချက်အလက်များကို နိုင်ငံအဆင့် ကြေးတိုင်ရုံးသို့ ပေးပို့ရန် လိုအပ်မည်ဖြစ်သည်။ အချက်အလက် မှတ်တမ်းများကို ဒေသအဆင့် ရုံးများတွင်သာ ထိန်းသိမ်းထားခြင်းမဟုတ်ပဲ နိုင်ငံအဆင့်သို့ ပေးပို့ သွားရမည်ဖြစ်သည်။ ထို့ပြင် တူးဖော်ရေးလုပ်ငန်းများ နှင့် သစ်တောနှင့်စိုက်ပျိုးရေး ကြိုးဝိုင်းနေရာ များကဲ့သို့သော အခြားသော ကဏ္ဍများနှင့် ညှိနှိုင်းဆောင်ရွက်မှုများ တိုးတက်စေရန် ထည့်သွင်း စဉ်းစားမှုများ ပြုလုပ်ရမည်ဖြစ်သည်။ အားလုံးခြုံပြောရလျှင် မြေယာမူဝါဒ၊ စီမံမှုနှင့် ညှိနှိုင်းရန် နည်းလမ်းကို စဉ်းစားထားရန် လိုအပ်သည်။ ပြည်နယ်အဆင့်လုပ်ပိုင်ခွင့်၊ ပါဝင်ခွင့်များသည် ကဏ္ဍ တစ်ခုနှင့်တစ်ခုကြား ကွဲပြားသည်ဆိုပါက ညှိနှိုင်းမှုပြုလုပ်ရန် အထူးသဖြင့်လိုအပ်သည်။

- **အစိုးရမဟုတ်သည့် စတိတ်ဟိုဒါများ၏ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားရန်** – သဘာဝသယံဇာတများကို ဖက်ဒရယ်နည်းကျ ခွဲဝေမှု၊ ဆွေးနွေးမှုများသည် အစိုးရ ဖွဲ့စည်းပုံများပေါ်တွင်သာ အဓိကမူတည်ကြသည်ဖြစ်ရာ လိုင်စင်ချထားပေးခြင်း၊ သဘာဝပတ်ဝန်းကျင် စီမံမှု၊ ကျန်းမာရေးနှင့် ဘေးကင်းရေး စစ်ဆေးမှုများ၊ သို့မဟုတ် ဒေသအကျိုးစီးပွား အကောင်အထည်ဖော်ခြင်း ကဲ့သို့သော ဖြစ်စဉ်များတွင် ဒေသအခြေပြု အစိုးရမဟုတ်သည့် စတိတ်ဟိုဒါများ (ဒေသခံ ရပ်ရွာများ၊ သမဂ္ဂများ၊ NGO များ) အနေဖြင့် ပါဝင်ရန် သို့မဟုတ် ဆွေးနွေးအကြံပြုရန် လိုအပ်သည့် နေရာများလည်းရှိသည်။ လူနည်းစုများကောင်းစားရေးကို အမြဲ ကိုယ်စားမပြုသည့် နိုင်ငံရေးဖွဲ့စည်းပုံရှိသော မြန်မာနိုင်ငံ အခြေအနေတွင် အစိုးရမဟုတ်သည့် စတိတ်ဟိုဒါများ၏ ပါဝင်မှုသည် အထူးသဖြင့် အရေးပါ အဖိုးတန်သည်။ စနစ်တကျ လည်ပတ်ရမည့်၊ အများပြည်သူများကို တာဝန်ခံရမည့် အစုအဖွဲ့များကို အစားထိုးခြင်း မဖြစ်သင့်သော်လည်း တာဝန်ခံမှု အားကောင်းစေရန်အတွက် နည်းလမ်းတစ်ခုအနေဖြင့် အသုံးချနိုင်သည်။

ဥပမာအားဖြင့် မွန်ဂိုလီးယားနိုင်ငံတွင် လိုင်စင်ရရှိသူများအနေဖြင့် ဒေသအကျိုးဖွံ့ဖြိုးရေးကို သတ်မှတ်ချက်များနှင့်အညီ ဖြည့်ဆည်းပေးမှု ရှိမရှိကို စောင့်ကြည့်ရန် ရပ်ရွာကိုယ်စားလှယ်များက တာဝန်ယူထားသည်။[၁၇] လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းရေး သို့မဟုတ် သဘာဝ ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မှုများကို စောင့်ကြည့်ရန်အတွက် အလုပ်သမား သမဂ္ဂ သို့မဟုတ် အရပ်ဘက် လူ့အဖွဲ့အစည်းများက တာဝန်ယူ ဆောင်ရွက်သည့် ဖြစ်စဉ်များလည်း နိုင်ငံတကာတွင် ရှိသည်။ အစိုးရအနေဖြင့် မြေပြင်သို့ ဝန်ထမ်းစေလွှတ်နိုင်မှု အားနည်းခြင်း သို့မဟုတ် ငွေကြေးအင်အားလုံလောက်မှု မရှိသည့် အနေအထားမျိုးတွင် ယင်းဆောင်ရွက်ချက်များသည် အထူးသဖြင့် ထိရောက်သည်။

ပုဂ္ဂလိက ကဏ္ဍပိုင်းမှ အခက်အခဲများကို သတိရှိခြင်း၊ အရည်အသွေးမြင့်သော တာဝန်သိသော ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်အတွက် မည်ကဲ့သို့ စီစဉ်မှုများ ပြုလုပ်ရမည်ကို ထည့်သွင်းစဉ်းစားမှုများ ပြုလုပ်ခြင်းသည်လည်း အကျိုးဖြစ်ထွန်းစေသည်။ ဥပမာအားဖြင့် အာဂျင်တီးနားသည် တစ်နိုင်ငံလုံးအတိုင်းအတာ စုစည်းထားသည့် ကြေးတိုင်စနစ် အသုံးပြုရန် ၁၉၉၀ ခုနှစ် အစောပိုင်းတွင် ဆုံးဖြတ်ခဲ့ခြင်းကြောင့် မြေပိုင်ဆိုင်မှု အရှုပ်အရှင်းကိစ္စများနှင့် ဆက်နွယ်နေသည့် ပြဿနာများကို ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို အားကောင်းစေခဲ့သည်။[၁၈] ၎င်းနှင့် ဆန့်ကျင်ဘက်အဖြစ် အင်ဒိုနီးရှားနိုင်ငံ၏ လိုင်စင်ချထားပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှင့် ဆက်စပ်ပေါ်ပေါက်ခဲ့သည့် အခက်အခဲများကြောင့် နိုင်ငံ၏ သတ္တုကဏ္ဍသို့ ဝင်ရောက်ရင်းနှီးသူများကို လျော့ကျသွားစေခဲ့သည်။



ကချင်ပြည်နယ် ဖားကန့် ဒေသရှိ တရားဝင်မဟုတ်သော လုပ်ကွက်တွင် တူးဖော်နေသည့် ကျောက်စိမ်းတူးသူများ

NRGI အတွက် ခင်စောဌေး

- **ပွင့်လင်းမြင်သာမှုကို အသားပေးဆောင်ရွက်ရန်** – ဗဟိုနှင့် ပြည်နယ်ကြား ယုံကြည်မှုတည်ဆောက်ရန်အတွက် ပွင့်လင်းမြင်သာမှုသည် အရေးကြီးသည်။ သတင်းအချက်အလက်၊ လုပ်ပိုင်ခွင့်ပိုင်း မညီမျှမှုများကို ဖြေရှင်းရန်၊ ပြည်နယ်အဆင့် အစုအဖွဲ့များအနေဖြင့် ၎င်းတို့အား ပေးအပ်ထားသည့်တာဝန်များကို မပျက်မကွက် ဆောင်ရွက်နိုင်ရန်အတွက် တူးဖော်ရေးကဏ္ဍဆိုင်ရာ အချက်အလက်များကို

---

၁၇ Government of Mongolia, *Minerals Law.*

၁၈ Andrew Bauer, Rebecca Iwerks, Matteo Pellegrini and Varsha Venugopal, *Subnational Governance of Extractives: Fostering National Prosperity by Addressing Local Challenges* (Natural Resource Governance Institute, August 2016).

အလွယ်တကူ ရရှိ အသုံးချနိုင်အောင် ဆောင်ရွက်ထားပေးရမည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်အဆင့် အစုအဖွဲ့များအနေဖြင့် ဆုံးဖြတ်ချက်ချသည့်နည်းလမ်း ဖော်ထုတ်ရာတွင် လျင်မြန်စေမည်။ ဗဟိုအစိုးရ ထိန်းချုပ်မှုအောက်တွင်ရှိသည့် ကိစ္စရပ်များအပါအဝင် ချမှတ်ထားသည့် ဆုံးဖြတ်ချက်များပေါ်တွင်လည်း ခိုင်ခိုင်မာမာ ရပ်တည် လွှမ်းမိုးနိုင်စေမည်ဖြစ်သည်။ ဥပမာအားဖြင့် အချို့သော လိုင်စင်ချထားပေးခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များသည် ဗဟိုအစိုးရ လက်အောက်တွင်ရှိနေသည့်တိုင် စာချုပ်ပါ သဘောတူညီချက်အပါအဝင် ဆုံးဖြတ်ချက်များနှင့်ပတ်သက်သည့် အချက်အလက်များကို ပြည်နယ်အဆင့် စတိတ်ဟိုဒါများက သိရှိနေရမည်။

ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ လွှဲပြောင်းပေးသည့်အခါတွင်လည်း ပွင့်လင်းမြင်သာမှုရှိစွာ ဆုံးဖြတ်ချက်ချခြင်းသည် အရေးပါသည်။ လက်ရှိအနေအထားအရ ဘဏ္ဍာရေးပိုင်းတွင် ဗဟိုချုပ်ကိုင်မှု လျော့ချခြင်းများသည် အခြေအနေကိုလိုက်ပြီး ဖြစ်ပေါ်နေသည်။ ယင်းသို့ဖြစ်ပေါ်နေမှုသည် ဘတ်ဂျတ်ချထားခြင်းကို အခက်အခဲ ဖြစ်စေသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအနေဖြင့် အချက်အလက်များ အပြည့်အစုံ ရရှိပြီး၊ ခန့်မှန်းတွက်ချက်မှုပေါ် အခြေခံသည့် အသုံးစရိတ်များ သတ်မှတ်ရန် အခက်အခဲများ ဖြစ်ပေါ်စေသည်။ ဘဏ္ဍာရေးအရ လွှဲပြောင်းပေးမှုများတွင် ပွင့်လင်းမြင်သာမှုရှိရန် လိုသကဲ့သို့ မည်သည့်အခွန်အမျိုးအစားကို ပြည်နယ်အဆင့် အစုအဖွဲ့များက သတ်မှတ်မည် သို့မဟုတ် ကောက်ယူမည်နှင့်ပတ်သက်ပြီး သဘောတူညီမှုများ ရှိထားရန်လည်း လိုအပ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား ညီမျှမှုများ မည်သို့ ဖော်ထုတ်မည်ကိုလည်း သဘောတူ သတ်မှတ်ထားရန် လိုသည်။ (အခွန်ဝင်ငွေ ခွဲဝေသုံးစွဲခြင်းနှင့်ပတ်သက်ပြီး အသေးစိတ်လေ့လာလိုပါက NRGI မှ ၂၀၁၆ တွင် ထုတ်ဝေခဲ့သည့် စာတမ်းဖြစ်သော Sharing the Wealth: A Roadmap for Distributing Myanmar's Natural Resource Revenues တွင် လေ့လာနိုင်ပါသည်။

အကျင့်ပျက် လာဘ်စားမှု သို့မဟုတ် တလွဲစီမံမှု ပေါ်ပေါက်လာနိုင်ချေများကို လျော့ချရန်အတွက် ပြည်နယ်အဆင့် လုပ်ပိုင်ခွင့် ချထားပေးခြင်းနှင့် ပြည်နယ်အဆင့် တာဝန်ခံမှု လုပ်ငန်းစဉ်များ အားကောင်းလာစေရန် ဆောင်ရွက်ခြင်းတို့ကို မူဝါဒ ချမှတ်သူများအနေဖြင့် လိုက်ဖက်ညီ ဆောင်ရွက်ပေးရန် လိုသည်။ သြစတေးလျနိုင်ငံ နယူးဆောက်ဝေးတွင် အကောင်အထည်ဖော်နေသည့် (Common Ground initiative) သည် ပြည်နယ်အဆင့် လိုင်စင်ချထားပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို အများပြည်သူများအနေဖြင့် အင်တာနက်မှ ကြည့်ရှုနိုင်ရန် ဆောင်ရွက်ချက်တစ်ခု ဖြစ်သည်။[၁၉] ပြည်နယ်အဆင့် ပွင့်လင်းမြင်သာမှု ဆောင်ရွက်ချက်များသည် စတိတ်ဟိုဒါ အမျိုးမျိုးကြား ယုံကြည်မှုတည်ဆောက်ရန် အထောက်အပံ့ဖြစ်စေနိုင်ခြင်းကို ထောက်ပြသည့် ဥပမာတစ်ခုဖြစ်သည်။

၁၉ See NSW Government, Department of Planning and Environment, "Common Ground," accessed 16 November 2017, www.commonground.nsw.gov.au.

ACKNOWLEDGEMENTS

The authors wish to thank Khin Saw Htay, Ko Ko Lwin and Paul Shortell for their support in the research for this report. In addition, we would like to thank Nitish Arora, Aye Kyithar Swe, Sumit Bisarya, Vicky Bowman, Rani Febrianti, Jelson Garcia, Hosana Chay, Rebecca Iwerks, Jeremy Liebowitz, Cielo Magno, Maw Htun Aung, Fikri Muhammadi, Sri Murniati, Dorjdari Namkhaijantsan, Matthieu Salomon, Annamari Salonen, Amir Shafaie, Nomuuntugs Tuvaan, Claudia Viale and Tricia Yeoh for their input and guidance.

This report was made possible by funding from the U.K. government, the Australian government, and the United States Department of State. The opinions, findings and conclusions stated herein are those of the authors and do not necessarily reflect those of the above-mentioned organizations.

UKaid from the British people

Australian Government
Department of Foreign Affairs and Trade

FUNDING PROVIDED BY THE UNITED STATES GOVERNMENT

လွတ်လပ်ပြီး အကျိုးအမြတ်မရှာဖွေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော သဘာဝသယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှု အကြံပေးအဖွဲ့ (Natural Resource Governance Institute) သည် ပြည်သူများ မိမိတိုင်းပြည်မှထွက်သော ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းထွက်များ ကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို သိရှိနားလည်စေရန် လက်တွေ့အသုံးချ သုတေသနပြုခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ နည်းပညာဆိုင်ရာ အကြံဉာဏ်ပေးခြင်း နှင့် စည်းရုံးရေး ပြုလုပ်ပေးခြင်းဖြင့် ကူညီပေးပါသည်။
ထပ်မံလေ့လာရန် – www.resourcegovernance.org

Natural Resource Governance Institute

Oil, gas and mining for development